ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်

UNFC ၏ နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) သည် NLD အစိုးရတက်လာပြီးနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဆပ်ကော်မတီနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့်လည်းကောင်း ၂၀၁၆ ခုနှစ် အစောပိုင်းကာလမှစတင်၍ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ပိုမိုအဆင်ပြေမည်ဟု ယုံကြည်ထားသည့် NCA လမ်းကြောင်းပေါ်တွင် တွေ့ဆုံဆွေးနွေးလာခဲ့သည်မှာ (၁၇)လထဲသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲသို့ တက်လှမ်းနိုင်ရန်အတွက် DPN မှ အဆိုပြုထားသော အဆိုပြုချက်(၉)ချက်ကို DPN-PC တို့အကြား ဆွေးနွေးညှိနှိုင်း အဖြေရှာနေသည်မှာ အဋ္ဌမအကြိမ်မြောက်အစည်းအဝေးထိတိုင် တရားဝင်ဆွေးနွေးပြီးလည်း ဖြစ်ပါသည်။

နောက်ဆုံးအဖြေရရှိရေးအတွက် ထပ်မံဆွေးနွေးရန် ကျန်ရှိနေသေးသောအချက်များကို နဝမအကြိမ်မြောက် DPN-PC အစည်းအဝေးကို လွန်ခဲ့သော ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့တွင် ရန်ကုန်မြို့ NRPC ရုံး၌ ကျင်းပပြုလုပ်ကာ ညှိနှိုင်းအဖြေရှာကြရန် နှစ်ဘက်သဘောတူ ကြိုတင်ပြင်ဆင်ခဲ့ကြပါသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် တရားဝင် နဝမအကြိမ်မြောက်အစည်းအဝေးအစား ကြိုတင်ညှိနှိုင်းအစည်းအဝေးပုံစံကို ရန်ကုန်မြို့တစ်နေရာ၌ ကျင်းပပြုလုပ်၍ နည်းလမ်းရှာခဲ့ကြပါသည်။

အဆိုပါအကြိုညှိနှိုင်းအစည်းအဝေး၏ ရလဒ်အနေဖြင့် နှစ်ဘက်တာဝန်ရှိသူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့် UNFC ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံ၍ ကျန်ရှိနေသောဆွေးနွေးရန်အချက်များကို နှစ်ဘက်မှ ညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် မိမိတို့ DPN မှ ကြိုးပမ်းလျှက်ရှိပါသည်။

ပြည်တွင်းငြိမ်းချမ်းရေး၏အဓိက အရင်းခံပြဿနာမှာ နိုင်ငံရေးပြဿနာပင် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ညှိနှိုင်းအဖြေရှာနိုင်ရေး UNFC အနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*ခူဦးရယ်* - *အထွေထွေအတွင်းရေးမှူး* *ဖုန်း +66(0)84-805-1344*
*နိုင်အောင်မငေး* - *ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်* *ဖုန်း +66(0)96-970-2721*